# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

**e-Newsletter**

Vol.2 No.6 June


## အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (AICHR) နှင့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) တို့အကြား တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တက်ရောက်




မေလ ၂၄ ရက်

အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (ASEAN Intergovernmental Commission on Human Rights– AICHR) နှင့် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) တို့အကြား တွေ့ဆုံဆွေးနွေးပွဲကို ၂၄-၅-၂၀၂၃ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ Hybrid Format ဖြင့်ကျင်းပသည်။

ဆွေးနွေးပွဲသို့ ဖိုရမ်အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဥက္ကဋ္ဌ ဦးလှမြင့်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးပေါ်လွင်စိန်နှင့် ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် ညွှန်ကြားရေးမှူး ဦးဇေယျာလင်းတို့က Virtual Online System ဖြင့် တက်ရောက်ခဲ့ကြကာ AICHR မှ ကိုယ်စားလှယ်များနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့က in-person တက်ရောက်သည်။

ဆွေးနွေးပွဲ၌ အင်ဒိုနီးရှားနိုင်ငံ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (AICHR Indonesia) နှင့်

SEANF အလုပ်အမှုဆောင်ညှိကြားမှုဖြစ်သည့် ထိုင်းနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တို့က အဖွင့်အမှာစကားပြော ကြားခဲ့သည်။ ဆက်လက်၍ AICHR Indonesia က ၂၀၂၃ ခုနှစ်အတွင်း AICHR ၏ ဆောင်ရွက်ချက်များ နှင့် ဦးစားပေးကိစ္စရပ်များကို လည်းကောင်း၊ ထိုင်းနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌက ဖိုရမ်၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် တိုးတက်ဖြစ်ထွန်းမှုများကို လည်းကောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် AICHR–SEANF ပူးပေါင်းဆောင်ရွက် ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရာ မလေးရှား၊ တီမောလ က်စ်တေ၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်တို့မှ ကိုယ်စားလှယ်များက Torture Prevention အကောင်အထည်ဖော်ရေးကိစ္စရပ်များ၊ စီးပွားရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကိစ္စရပ်များနှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌက ဆွေးနွေးရာတွင် မလေးရှားနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က တင်ပြသည့် AICHR–SEANF တို့အကြား ရှေ့ဆက်ပူးပေါင်းဆောင်ရွက် မည့် ကိစ္စရပ်များတွင် ဆောင်ရွက်နိုင်သည်များကို မိမိ တို့ကော်မရှင်က ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးသည်။ ထို့နောက် AICHR Indonesia နှင့် SEANF ဥက္ကဋ္ဌတို့က နိဂုံးချုပ်စကား ပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။

---

## ကော်မရှင်ပုံမှန်အစည်းအဝေး၊ အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီအစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီအထူးအစည်းအဝေးများကျင်းပခြင်း



မေလ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပုံမှန် အစည်းအဝေးအမှတ်စဉ် (၅/ ၂၀၂၃) ကို ၃၀–၅–၂၀၂၃ ရက်နေ့တွင် Conference Room တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင် ဥက္ကဋ္ဌ က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင် ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင် အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများ ကတင်ပြ ဆွေးနွေးခဲ့ကြပါသည်။ ကော်မရှင်၏ အုပ်ချုပ် မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၃) ကို ၅ –၅ –၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင် အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင် အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ ကော်မရှင်၏ အုပ်ချုပ်မှု စီမံ ခန့်ခွဲရေး ကော်မတီ အထူးအစည်းအဝေး အမှတ်စဉ်



(၁/၂၀၂၃) ကို ၂၅-၅-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင် အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

---

## အဂတိလိုက်စားမှု တားဆီးတာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ



မေလ ၁၉ ရက်




မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ၂၀၂၃ခုနှစ်၊ မေလ ၁၉ ရက်နေ့၊ Conference Room တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကား ပြောကြားပါသည်။ ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု သဘောတရားများ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ တားဆီးကာကွယ်ရေးစီမံချက်၊ လုပ်ငန်းလမ်းညွှန်(Terms of Reference – TOR) နှင့် တည်မြဲလုပ်ထုံးလုပ်နည်း (Standing Operating Procedures–SOP) ရေးဆွဲခြင်း၊ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ နေပြည်တော်ရုံးခွဲမှ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်နှင့် မန္တလေးနှင့် ပုသိမ် ရုံးခွဲများမှ

ရုံးဝန်ထမ်းများက Online Platform ဖြင့်လည်းကောင်း၊ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်းများက In person ဖြင့်လည်းကောင်း၊ စုစုပေါင်း (၅၉)ဦး တက်ရောက်ခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များမှ သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး အခမ်းအနားကို (၁၅:၀၀)နာရီအချိန် တွင်ရုပ်သိမ်းခဲ့ပါသည်။




## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း






မေလ ၁၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၃ခုနှစ်၊မေလ၁၆ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်ဒေသန္တရကျန်းမာရေးဦးစီးဌာနနှင့်ညှိနှိုင်း၍ကော်မရှင်ဥက္ကဋ္ဌ၊ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံခြင်းကို ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ဆောင်ရွက်ခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကျန်းမာရေး ဆေးစစ်မှုခံယူခြင်း






မေလ ၃၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့အား ၂၀၂၃ ခုနှစ်၊ ပထမ (၆) လပတ် ဆေးစစ်မှုခံယူခြင်းကို ၂၀၂၃ ခုနှစ်၊ မေ ၃၁ ရက်နေ့၊ (၁၀:၀၀) နာရီအချိန် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ လသာမြို့နယ်တွင် ဆေးစစ်မှုခံယူခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ကျန်းမာရေးဆေးစစ်မှုခံယူရာတွင် သွေးစစ်ဆေးခြင်း၊ ခန္ဓာကိုယ်အတွင်း ရောဂါစစ်ဆေးခြင်းအား ဓါတ်မှန်ရိုက်စစ်ဆေးခြင်း၊ Ultrasound စစ်ဆေးခြင်း နှင့် ဆီး/ဝမ်းများ ဓါတ်ခွဲစစ်ဆေးခြင်းများ စစ်ဆေးမှုခံယူခဲ့ပါသည်။

---

## ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှုတင်ပြဆွေးနွေးခြင်း အစီအစဉ်ကျင်းပခြင်း



မေလ ၃၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ရုံးဝန်ထမ်းများ လူ့အခွင့်အရေး အသိပညာဗဟုသုတတိုးပွားလာစေရန်နှင့်အင်္ဂလိပ်စာစွမ်းရည်တိုးတက်မြင့်မားလာစေရန် ရည်ရွယ်လျက် ၂၀၂၂ ခုနှစ်၊ မေလမှ စတင်၍ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုနှင့် လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများကို အင်္ဂလိပ်ဘာသာဖြင့် ဆွေးနွေးတင်ပြသည့် အစီအစဉ် ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ မေလအတွက် အဆိုပါအစီအစဉ်ကို ၃၁-၅-၂၀၂၃ ရက်နေ့ နေ့လယ် (၁၃:၀၀) အချိန်တွင် ကော်မရှင်ရုံး Conference Room ၌ Hybrid Format စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ကော်မရှင်ရုံး (ရုံးချုပ်နှင့်ရုံးခွဲ)များမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌမှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက် နိုင်ငံတကာဆက်ဆံရေးဌာနမှ Climate Change and Human Rights ခေါင်းစဉ်ဖြင့် ဦးစီးအရာရှိ ဦးမျိုးလှိုင်မြင့်ထွန်း၊ ဒုတိယလူ့အခွင့်အရေးဦးစီးမှူးများဖြစ်ကြသော ဒေါ်နန့်မို့မို့ထွန်းနှင့် ဒေါ်သင်းသဇင်တို့က ဆွေးနွေးတင်ပြခဲ့ပါသည်။ ဆက်လက်၍ ဆွေးနွေးတင်ပြမှုအပေါ် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက လိုအပ်သည်များ အကြံပြုဆွေးနွေးကြပြီးနောက်သိရှိလိုသည့်မေးခွန်းများကိုမေးမြန်းခဲ့ကြပါသည်။ ဆွေးနွေးခြင်းအစီအစဉ် ကို (၁၄:၂၀ ) နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ



မေလ ၂၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ကော်မရှင်ပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့် အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်း လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက် လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော အဆင့်မြင့် အရာထမ်းသင်တန်းအမှတ်စဉ် (၂၁) သို့ ၂၂-၅-၂၀၂၃ ရက်နေ့ (၀၈:၀၀) နာရီအချိန်မှ (၁၅:၅၀) နာရီအချိန်ထိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာတင်မောင်မောင်သန်းတို့က လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ် သင်ခန်းစာများသွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းကိုလည်းကောင်း၊ ကော်မရှင် အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက နိုင်ငံတော်၏တာဝန်ဝတ္တရားနှင့် အများပြည်သူ၏ တာဝန်ရှိမှုအကြောင်း၊ ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရားအကြောင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်အကြောင်းစသည့် ဘာသာရပ်များပို့ချခဲ့ပါသည်။ အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ် (၂၁) ၌ သင်တန်းသားဦးရေ (၄၈) ဦးတက်ရောက် ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာတင်မောင်မောင်သန်းတို့က ပြန်လည်ဖြေကြားခဲ့ကြပါသည်။



## တစ်ကျော့ပြန်ကိုဗစ်-၁၉ ရောဂါအကြောင်းသိကောင်းစရာများ ရှင်းလင်းဆွေးနွေးခြင်း

မေလ ၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်သည် ၂၀၂၃ခုနှစ်၊ မေလ၈ရက်နေ့၊၁၀:၀၀နာရီအချိန် Conference Room တွင်တစ်ကျော့ပြန် ကိုဗစ်-၁၉ရောဂါအကြောင်းသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဦးစွာ ကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က ကိုဗစ်-၁၉၏ မျိုးရိုးဗီဇ ပြောင်းလဲလာပုံအဆင့်ဆင့်၊ ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းလဲလာခြင်းနှင့်

အတူ သေဆုံးမှု အရေအတွက်တိုးလာမှုများ၊ ကိုဗစ်-၁၉ ရောဂါပိုး အားပျော့လာသော်လည်း ကူးစက်မှုများပြား လာရခြင်းအကြောင်းရင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန် နည်းလမ်းများနှင့် နေထိုင်ရန်နည်းလမ်းများကို ဆွေးနွေး ခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသည့် အရာထမ်း/အမှုထမ်းများက သိရှိလိုသည်များကို ပြန်လည် မေးမြန်းခဲ့ကြပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က ပြန်လည်ဖြေကြားခဲ့ပါသည်။ အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်းများ၊ ကော်မရှင်ရုံးခွဲများမှ အရာထမ်း/အမှုထမ်းများ (၈၄) ဦးတက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ



မေလ ၁၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချီခြင်း၊ ပညာပေးခြင်း လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက် လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်တို့သည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲအရာရှိ အတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော စခန်းမှူးသင်တန်းအမှတ်စဉ် (၆၈/၂၀၂၃) ၌ ၁၁-၅-၂၀၂၃ ရက်နေ့၊ နံနက် (၀၇:၃၀) နာရီအချိန်မှ (၀၉:၅၀) နာရီ အချိန်အထိ လူ့အခွင့်အရေး ဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ကော်မရှင် အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူအဆများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်ဦးဘုန်းကြွယ်က မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အကြောင်း သိကောင်းစရာစသည့် သင်ခန်းစာဘာသာရပ်များ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်းသင်တန်းသား ဦးရေ (၉၉) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင် အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်တို့က ပြန်လည်ဖြေကြားခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့် ဘူးသီးတောင်အကျဉ်းထောင်နှင့် စစ်တွေအကျဉ်းထောင်တို့အား ကြည့်ရှုစစ်ဆေးခြင်း



မေလ ၁၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ ၈-၅-၂၀၂၃ ရက်နေ့တွင် ဘူးသီးတောင် အကျဉ်းထောင်ကိုလည်းကောင်း၊ ၉-၅-၂၀၂၃ ရက်နေ့နှင့် ၁၀-၅-၂၀၂၃ ရက်နေ့ တို့တွင် စစ်တွေအကျဉ်းထောင်ကို လည်းကောင်း သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်များအား ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကို အိပ်ဆောင်များတွင် အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းပေးပို့မှု စုံလင်စွာရရှိခြင်း ရှိ မရှိ၊ရသင့်ရထိုက်သောအသုံးအဆောင်ပစ္စည်းများရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

အကျဉ်းထောင်များကိုဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ အကျဉ်းထောင်ဆေးရုံ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များနှင့် အတွင်း/အပြင်မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းသား/ အချုပ်သားများ လေ့လာဖတ်ရှုနိုင်ရန်အတွက်ကော်မရှင်မှဘူးသီးတောင်အကျဉ်းထောင်နှင့် စစ်တွေအကျဉ်းထောင်တို့ကို ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၅၀ အုပ်စီ လှူဒါန်းခဲ့ရာ တာဝန်ခံအရာရှိများမှ လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။



---

## ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့အသုံးစရိတ်မှ ငွေလုံးငွေရင်းအသုံးစရိတ်ကျခံသုံးစွဲရေး အစည်းအဝေးကျင်းပခြင်း

မေလ ၃၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်သည် ၂၀၂၃ခုနှစ်၊ မေလ ၃၁ ရက်နေ့၊ (၁၅:၀၀)နာရီအချိန် ကော်မရှင်ရုံးအစည်းအဝေးခန်းမတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ထောက်ပံ့အသုံးစရိတ်မှ ငွေလုံးငွေရင်းအသုံးစရိတ်ကျခံသုံးစွဲရေး အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။



ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပါသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့အသုံးစရိတ်မှ ငွေလုံးငွေရင်းအသုံးစရိတ်ကျခံ သုံးစွဲရေးအတွက် လျာထားတောင်းခံခဲ့မှုစာရင်း၊ ခွင့်ပြုရရှိခဲ့မှုအပေါ် မူတည်၍ ဝယ်ယူမည့်ပစ္စည်းစာရင်းများကို ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်က နိဂုံးချုပ် စကားပြောကြားခဲ့ပြီး အစည်းအဝေးကို (၁၆:၁၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## ကော်မရှင်ရုံး၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ အစည်းအဝေး (၂/၂၀၂၃) ကျင်းပ




မေလ ၂၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ အစည်းအဝေး(၂/၂၀၂၃) ကို ၂၀၂၃ခုနှစ်၊ မေ ၂၉ ရက်နေ့ (၁၃:၀၀)နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားပါသည်။ အစည်းအဝေးတွင် အဓိကအားဖြင့် Standing Operating Procedures – SOP ရေးဆွဲနိုင်ရေး ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို (၁၅:၃၇) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး ဒုတိယအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပါသည်။

## ကော်မရှင်ရုံးညွန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း

မေလ ၂၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများအား တွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ မေလ ၂၆ ရက်နေ့ (၁၃:၀၀) နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေး၊ စစ်တွေနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ဌာနတာဝန်ခံများနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက် ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားကို (၁၅:၂၀)နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။ တွေ့ဆုံ ဆန္ဒဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း စုစုပေါင်း (၅၀) ဦး တက်ရောက်ခဲ့ကြပါသည်။

---

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း/ဝန်ကြီးဌာနများရှိ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ကြီး/ယန္တရားများ၊ ရုံးသုံးနှင့် အခြားစက်ပစ္စည်းများ စာရင်းတိုက်ဆိုင်စစ်ဆေးရေးဆောင်ရွက်ခြင်း

မေလ ၂၃ ရက်

စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း/ဝန်ကြီးဌာနများရှိ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ကြီး/ယန္တရားများ၊ ရုံးသုံးနှင့် အခြားစက်ပစ္စည်းများ စာရင်းတိုက်ဆိုင် စစ်ဆေးရေးအတွက် ဌာနဆိုင်ရာ ကိုယ်စားလှယ်များ စေလွှတ်ရန် ၂၁-၄-၂၀၂၃ ရက်စွဲပါစာအမှတ်၊ စဘ/စီမံ-၁/၃/၃၈ (၁၂၄၁/၂၀၂၃) ဖြင့်ကော်မရှင်သို့ ဖိတ်ကြားလာခြင်းနှင့် စပ်လျဉ်း၍ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ခိုင်၊ ဦးစီးအရာရှိ ဦးမြတ်သူရ၊ အငယ်တန်းစာရေး ဒေါ်ယမင်းပိုပိုအောင် တို့ပါဝင်သောအဖွဲ့မှ ကော်မရှင်ရုံးအုပ်ချုပ်မှု မော်တော်ယာဉ်ဖြင့် ၂၁-၅-၂၀၂၃ ရက်နေ့မှ ၂၃-၅-၂၀၂၃ ရက်နေ့အထိ နေပြည်တော်၊ ဇဟို စက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ သွားရောက် စစ်ဆေးမှုခံယူခဲ့ပါသည်။

---

> “While poverty persists, there is no true freedom.”
>
> **“ဆင်းရဲမွဲတေနေချိန်၌ စစ်မှန်သော လွတ်လပ်မှု မရှိ။”**
>
> Nelson Mandela (1918– 2013)

## ကော်မရှင် ရုံးဝန်းအတွင်းဆေးဖြန်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း





### မေလ ၁၀ ရက်

၂၀၂၃ ခုနှစ်၊ မေလ (၁၀) ရက်နေ့တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ရုံးဝန်းအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကာကွယ်နိုင်ရေးအတွက် ကော်မရှင်ရုံး အမှတ်(၁)၊ (၂)၊ (၃) အဆောင်များရှိ အခန်းများ၊ အစည်းဝေးခန်းမများ၊ ယာဉ်မောင်း နားနေဆောင်များနှင့် အမျိုးသမီးအိပ်ဆောင်များအတွင်း ပိုးသတ်ဆေးဖြန်းခြင်းကိုပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

---

## ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း

**အပိုဒ် ၃**

လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှုရခွင့်ရှိသည်။



# အမျိုးသမီးအခွင့်အရေးများကို လေးစားအသိအမှတ်ပြုခြင်း အနုပညာ

မင်းဝီရ

"အမျိုးသမီး" ဟူသော စကားလုံးကို ကြားသည်နှင့် ကျွန်တော်၏ အတွေးစိတ်ကူးထဲ၌ ပထမဆုံး ပုံဖော်မြင်ယောင်မိသည်မှာ ကျွန်တော်၏ အနှိုင်းမဲ့ကျေးဇူးရှင် "အမေ" ပင်ဖြစ်သည်။

အမျိုးသမီးများ အကြောင်းကို အမျိုးသားတစ်ယောက်အနေဖြင့် ဘာကြောင့်စိတ်ဝင်စားလဲ ဟုဆိုတော့ ကျွန်တော့်အမေသည် ဤကမ္ဘာလောက၏ အမျိုးသမီးများထဲမှ တစ်ဦးအပါအဝင်ဖြစ် သောကြောင့်ဖြစ်သည်။ ကျွန်တော်၏အမေသည် မိန်းမငယ်လေးဘဝမှ လုပ်သော မိန်းမပျိုလေး (အမေအသက် ၁၈ နှစ်က ရိုက်ကူးထားသော ဓာတ်ပုံတွင် အမေသည် တော်တော်လေးကို ချောမောလှပပါသည်။) ထိုမှတဆင့် အိမ်ထောင်ရှင် အမျိုးသမီး (အဖေ၏မိန်းမ)၊ နောက်ထပ် ကျွန်တော်တို့ မောင်နှမများအားလုံး၏ မိခင်ဖြစ်လာခဲ့ပါသည်။

မထူးခြားသော ထိုအဖြစ်အပျက်သည် ကျွန်တော့်အတွက်တော့ ကိုးတန်းနှစ်တွင် အမှတ်မထင်ဖတ်မိသော ဝတ္ထုတိုလေးတစ်ပုဒ်မှ အစပြု၍ အမေနှင့်နှိုင်းယှဉ်ပြီး အလွန်ထူးဆန်းသော သတ္တိခွန်အားများကို မျှဝေပေးတတ်သော မိခင်ဆိုသော (အမျိုးသမီးများ) သည် စိတ်ဝင်စားစရာ အကောင်းဆုံးလူသားများ ဖြစ်လာပါသည်။

နဝမတန်း၏ တစ်ခုသော ကျောင်းပိတ်ရက်ရှည်တွင် ကျွန်တော်သည် သိုင်းဝတ္ထုရှည်၊ ရွှေသွေး၊ တေဇ၊ ဗုဒ္ဓဝင်ရုပ်ပြ၊ တွတ်ပီ အစရှိသည်တို့ကို ဖတ်နေချိန်တွင် ဘယ်တုန်းကမှ ဖတ်ဖို့ မကြိုးစားမိခဲ့သော အမျိုးသမီးစာရေးဆရာမ တစ်ယောက်၏ ဝတ္ထုတိုပေါင်းချုပ် တစ်အုပ်ကို စတင်ဖတ်ရှုမိခဲ့ပါသည်။ ထိုဝတ္ထုတိုလေးများထဲမှ ကျွန်တော့်၏ အမေအပါအဝင် အမျိုးသမီးများကို နောင်နှစ်ပေါင်း များစွာထိတိုင်အောင် ကိုယ်ချင်းစာနာတတ်စေခဲ့သော၊ ဤကမ္ဘာလောကရှိ အမျိုးသမီးများအားလုံးကို ချစ်မြတ်နိုးတန်ဖိုးထားတတ်စေခဲ့သော ဝတ္ထုတိုလေးမှာ ဆရာမဂျူး၏ " ပျောက်ဆုံးနေသော........." ဟူသည့် ဝတ္ထုတိုလေးဖြစ်ပါသည်။ တကယ့်ကို စာမျက်နှာ တစ်ဆယ်ကျော်သာရှိသော ထိုဝတ္ထုတိုလေး၏ စကားလုံးတစ်လုံးချင်း၊ ဝါကျတစ်ကြောင်းချင်းသည် လှပထိရှစွာ ဆွဲဆောင် ခေါ်ယူသွားပြီး အမျိုးသမီးများ၏ စိတ်ခံစားမှုကို ကိုယ်ချင်းစာ စိတ်ဝင်စားစေဖို့ စတင်တွန်းအားပေးခဲ့ပါသည်။

ထူးခြားစွာ ဆွဲဆောင်သည့် ဇာတ်လမ်း၊ ဇာတ်ကွက်တစ်ခုမှမပါဘဲ မိမိကိုယ်တိုင်၏ ဖြစ်တည်မှုနှစ်ပေါင်းမြောက်များစွာပျောက်ဆုံးနေခဲ့သောအမျိုးသမီး (မိခင်) တစ်ယောက်၏ အထီးကျန် ခံစားချက်များကို မော်ဒန်ဆန်သည့် ထိမိပြင်းရှသော စကားလုံးများဖြင့် ရေးဖွဲ့ထားသော ထိုဝတ္ထုတိုလေးသည် နောင်နှစ်ပေါင်းများစွာကြာအောင် ကျွန်တော့ရင်ထဲ၌ စွဲထင်ကျန်ရစ်စေခဲ့ပါသည်။

ဆရာမဂျူး၏ "ပျောက်ဆုံးနေသော........" ဝတ္ထုတိုထဲကလို (မိမိ၏ ခင်ပွန်းအတွက်၊ သားအတွက်၊ သမီးအတွက်၊ ဆွေမျိုးများအတွက်၊ ချစ်သူအတွက်) မိမိကိုယ်တိုင်၏ ရှင်သန်ရပ်တည်မှု (ဖြစ်တည်မှု) ပျောက်ဆုံးနေသော အမျိုးသမီးများကို ကျွန်တော့်၏ အနီးကပ်ဆုံးအမေ၌ သာမက အနီးစပ်ဆုံးဆွေမျိုးများထဲမှာ၊ ဝေးကွာနေသောဆွေမျိုးများထဲမှာ၊ အရင်းနှီးဆုံး သူငယ်ချင်းများ၏မိသားစုများထဲမှာ၊ကျွန်တော်နေသောရက်ကွက်ထဲမှာ၊ ကျွန်တော်၏ ပတ်ဝန်းကျင်မှာ၊ ကမ္ဘာကြီးပေါ်မှာ မကြာခဏဆိုသလို ရင်နှင့်အောင် တွေ့မြင်လာခဲ့ရသည်။ ထိုအချိန်မှစ၍ ကျွန်တော်သည် "အမေ" အပါအဝင် အမျိုးသမီးများကို ချစ်မြတ်နိုးတန်ဖိုးထားတတ်သူတစ်ယောက်၊ အမျိုးသမီး အခွင့်အရေးများ (Women Rights) ကို စိတ်ဝင်စားသော အမျိုးသားတစ်ယောက် ဖြစ်လာခဲ့ပါသည်။

အမျိုးသမီးများကို စကားလုံးများဖြင့် discrimination လုပ်ခြင်း၊ စော်ကားအနိုင်ကျင့်ခြင်းသည် တစ်နည်းအားဖြင့် လူ့အခွင့်အရေးကို မလေးစားခြင်း၊ ချိုးဖောက်ခံရခြင်းဟု ကျွန်တော် ထင်မြင်ယူဆမိပါသည်။

အမျိုးသမီးများအပေါ် စော်ကားအနိုင်ကျင့်ခြင်း၊ ခွဲခြားဆက်ဆံခြင်းသည် အမျိုးသမီးများ၏ ဘဝလုံခြုံမှု

ကိုခြိမ်းခြောက်ရုံသာမက လူ့ပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်းတစ်ခုလုံး၏ တည်ငြိမ်အေးချမ်းမှုကို စိန်ခေါ်ခြိမ်းခြောက်ခြင်းပင် ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုစီးပွားတိုးတက်ရေးအပေါ် များစွာ ထိခိုက်နစ်နာစေပါသည်။ မြန်မာနိုင်ငံသည် မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ကို ရေးဆွဲထားရာ အမှန်တကယ်ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော် အစိုးရအပါအဝင်၊ ပြည်သူတစ်ဦးတစ်ယောက်ချင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများ (NGO,INGO,LNGO) များနှင့်တကွ လူ့အခွင့်အရေးကို လေးစားလိုက်နာသည့် လူ့မှုအသိုင်းအဝိုင်းတစ်ခုလုံးတွင် တာဝန်ရှိပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်ရာ ၂၀၀၈၊ Constitution ကလည်း မြန်မာအမျိုးသမီးများအား အမျိုးသားများနှင့် တန်းတူအခွင့်အရေးများ ပေးထားပြီးဖြစ်သည်။ သို့သော်လည်း အမျိုးသမီးများအား တိုက်ရိုက်ခွဲခြားဆက်ဆံခြင်းနှင့် သွယ်ဝိုက်ခွဲခြား ဆက်ဆံခြင်းတို့ကို အနက်အဓိပ္ပါယ်ဖွင့်ဆိုရန်နှင့် တားမြစ်သည့် ဥပဒေပြဋ္ဌာန်းရန်ဆိုသည့် CEDAW ၏ သတ်မှတ်ချက်များအရ ကျေနပ်အားရဖွယ် မရှိသေးပါ။ ကျွန်တော့်အနေနှင့်လည်း ယခုထက် ပိုမိုတိကျသော အမျိုးသမီးတို့၏ ဘဝလုံခြုံရေးကို ပိုမိုထိရောက်စွာ ကာကွယ်ပေးနိုင်သော နည်းဥပဒေ ပုဒ်မများကို ထပ်မံဖြည့်စွက်နိုင်သေးသည်ဟု ထင်မြင်ယူဆမိပါသည်။

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာသဘောတူစာချုပ် [The Convention On The Elimination Of All Forms Of Discrimination Against Women (CEDAW)] ကို ၂၂-၇-၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံမှပါဝင်ချုပ်ဆိုခဲ့ပြီး (Accession) ဖြစ်ခဲ့ပါသည်။ ယင်းသဘောတူစာချုပ်၏ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဝတ္တရားတစ်ရပ်အနေနှင့် "မြန်မာနိုင်ငံသည် အမျိုးသမီးများ၏ အခွင့်အရေးကို ပြဋ္ဌာန်းသည့် ဥပဒေနှင့် အမျိုးသမီးများ၏ တန်းတူရည်တူ ခံစားမှု အကျိုးသက်ရောက်မှုရှိစေရန် ထိရောက်သော ဥပဒေတို့ကို တိတိကျကျ ဆောင်ရွက်ပါမည်ဟု ကတိပြုပါသည်" ဟု လုံးဝဥဿုံ အဓိပ္ပါယ်သက်ရောက်စေပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံ အပါအဝင် လက်မှတ်ရေးထိုးထားသော အာဆီယံနိုင်ငံများ အားလုံးသည် (CEDAW) စာချုပ်အား လက်ခံသဘောတူ လုံးဝအပြီးသတ်အတည်ပြုပြီး ဖြစ်သောကြောင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း၊ စော်ကားအနိုင်ကျင့်ခြင်း၊ လူကုန်ကူးမှု၊ အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှု၊ အိမ်တွင်းအကြမ်းဖက်မှု အပါအဝင် မြန်မာအမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုအားလုံးကို မိမိတို့နိုင်ငံ၏ Constitution နှင့် ကိုက်ညီသည့် ပြည်တွင်းဥပဒေများကို ရေးဆွဲရမည်ဖြစ်သည်။ ထိုကဲ့သို့ရေးဆွဲရာတွင်လည်း (CEDAW) ၏ အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများအရ ထည့်သွင်းရေးဆွဲရန် တာဝန်အပြည့်ရှိပါသည်။

ယနေ့ မြန်မာနိုင်ငံတွင် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ကျူးလွန်သည့် အကြမ်းဖက်မှုများ၊ အမျိုးသမီးအခွင့်အရေးများကို ထိပါးစော်ကားရာမှ နောက်ဆက်တွဲကပ်ပါလာသည့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများသည် တစ်နေ့ထက်တစ်နေ့ များပြားလာလျက်ရှိသည်။ ထို့ကြောင့် အမျိုးသမီးများအား ထိရောက်စွာ ကာကွယ်ပေးမည့်အထူးဥပဒေနှင့် လုပ်ထုံးလုပ်နည်းများပါဝင်သည့် အကြမ်းဖက်မှုဆိုင်ရာ အထူးဥပဒေများ (Special Laws) များကို ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်လျက်ရှိပြီး ထိုဥပဒေနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော်ခြင်းသည်ပင် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုပုံစံအားလုံးကို တားမြစ်ရန်နှင့် ကာကွယ်ရန် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်။

ယနေ့ခေတ်တွင် အိမ်ထောင်ရှင် အမျိုးသမီးများအပေါ် အိမ်တွင်းအကြမ်းဖက်မှုကို အရေးကြီးသော ပြဿနာ တစ်ရပ်အနေနှင့် နိုင်ငံတကာက အသိအမှတ်ပြုလာကြပြီးဖြစ်ရာ မြန်မာအမျိုးသမီးများအနေနှင့် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ ဥပဒေများကို သိရှိနားလည်ထားဖို့ အရေးကြီးပါသည်။ ယခင်က မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ ဓလေ့ထုံးတမ်း အစဉ်အလာများအရ အိမ်ထောင်ဖက် အမျိုးသားမှ မိမိ၏ အမျိုးသမီးအပေါ် အိမ်တွင်းအကြမ်းဖက်မှုကို အဓိကပြဿနာတစ်ရပ် အနေနှင့် မသတ်မှတ်ဘဲ အိမ်တွင်းမိသားစုကိစ္စတစ်ရပ်အနေနှင့် အစဉ်အလာအရ သတ်မှတ်လက်ခံကြပြီး မိမိတို့၏ အိမ်တွင်းရေး ပြဿနာကိုပြင်ပသို့ ထုတ်ဖော်ပြောကြားခြင်း၊ သက်ဆိုင်ရာအဖွဲ့ အစည်းများသို့ အကြောင်းကြားခြင်းလည်း မပြုလုပ်ကြပေ။ ထိုကဲ့သို့ထုတ်ဖော်တိုင်ကြား

ပြောဆိုလျှင် မိသားစုအတွင်းရေး အထူးသဖြင့် အမျိုးသမီးတို့၏ ဂုဏ်သိက္ခာ၊ မိမိဆွေမျိုးအသိုင်းအဝိုင်းနှင့် မိမိလူမှုပတ်ဝန်းကျင်တွင် သိက္ခာကျသည်ဟု လက်ခံယုံကြည်ခံစားလာခဲ့ကြသည်မှာ ပြုလုပ်ခံရသူ အမျိုးသမီးများကိုယ်တိုင်ပင်ဖြစ်သည့်အတွက် ကာယကံရှင် အမျိုးသမီးများအနေဖြင့် နိုင်ငံတကာ အမျိုးသမီးရေးရာ ဥပဒေနှင့် အခွင့်အရေးများကို လေ့လာသိရှိပြီး မိမိတို့၏ တန်ဖိုးနှင့် အခွင့်အရေးများကို မိမိတို့ကိုယ်တိုင် သိရှိဖို့က ပိုမိုအရေးကြီးသည်ဟု ကျွန်တော် အမျိုးသားတစ်ယောက်အနေဖြင့် ယုံကြည်မိပါသည်။

အမျိုးသမီးများအပေါ် အိမ်တွင်းအကြမ်းဖက်မှုဟု ဆိုရာတွင်လည်း ဆေးဝါးကုသမှုလိုအပ်သည့် ထိခိုက်ဒဏ်ရာရစေသည့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသာမက ဆေးဝါးကုသရန် မလိုအပ်သော်လည်း စိတ်ခံစားမှုဆိုင်ရာ အကြမ်းဖက်မှုများဖြစ်သည့် စကားလုံးများဖြင့် ထိုးနှက်ခြင်း၊ အန္တရာယ်ပြုရန် ခြိမ်းခြောက်ခြင်း၊ မိမိအိမ်ထောင်ဖက် အမျိုးသမီးကို အထီးကျန်စေရန် သီးခြားအခန်းခွဲအိပ်ခြင်း၊ အထီးကျန်စေရန် တမင်ရည်ရွယ်ချက်ရှိရှိ ပြုမူလုပ်ဆောင်ခြင်း၊ မိမိအပေါ် ကြောက်ရွံ့လာစေရန် အိမ်ထောင်ပစ္စည်းများကို ဖျက်ဆီးခြင်း၊ အိမ်ထောင်ဖက်အား ချုပ်ချယ်ခြင်း၊ ဘာမှမဟုတ်သည့် ကိစ္စရပ်များကို ပုံကြီးချဲ့သံသယဖြင့်ပြစ်တင်စွပ်စွဲခြင်းနှင့်မိမိကိုးကွယ်ရာ ဘာသာကို မိမိအိမ်ထောင် အမျိုးသမီးအပေါ် အတင်းအကြပ်ကိုးကွယ်စေခြင်း စသည်တို့သည် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု လက္ခဏာရပ်များ၊ အပြုအမူများပင်ဖြစ်သည်။

ထိုကဲ့သို့ ကျူးလွန် ချိုးဖောက်ခံရသည့် ကာယကံရှင်အမျိုးသမီးများကိုယ်တိုင်မိမိတို့၏ Rights ကို ချိုးဖောက်ခံရခြင်းဟု မသိရှိ၊ မခံစားရသည့် အမျိုးသမီးများကိုလည်း ယခုလို Globalization ခေတ်ကြီးတွင် ကျွန်တော်၏အနီးစပ်ဆုံး ပတ်ဝန်းကျင်တွင်စိတ်မကောင်းစွာ မကြာခဏ တွေ့မြင်နေရပါသည်။ ထို့ကြောင့် အမျိုးသမီးများကိုယ်တိုင် အမျိုးသမီးရေးရာ အခွင့်အရေးများနှင့် နိုင်ငံတကာဥပဒေ သိရှိနားလည်ထားရန် အလွန်အရေးကြီးပါသည်။

ထို့ပြင် တစ်ချို့သော ဘာသာရေး၊ ဓလေ့ထုံးတမ်းအစဉ်အလာများတွင် အမျိုးသမီးများအား အရွယ်မတိုင်မီ အိမ်ထောင်ချပေးမှု၊ အမျိုးသမီးများထက် အမျိုးသားများအား ဦးစားပေးမှု၊ အထူးသဖြင့် ကျွန်တော်တို့ ရခိုင်လူမျိုးများအပါအဝင် တစ်ချို့သော တိုင်းရင်းသားမျိုးနွယ်စုများ၏ ဓလေ့ထုံးတမ်းအစဉ်အလာများအရ အမျိုးသမီးများဘက်မှ တင်တောင်းရသည့် အစဉ်အလာဖြင့် အကြမ်းဖက်ခံရမှု၊ တစ်ချို့သော ဘာသာရေး ထုံးတမ်းအစဉ်အလာများအရအမျိုးသမီးများအားခဲနှင့်ပေါက်၍သို့မဟုတ်ကြိမ်နှင့် ရိုက်နှက်အပြစ်ပေးမှု၊ မြန်မာနိုင်ငံ၏ တိုင်းရင်းသားမျိုးနွယ်စုများတွင် သားယောက်ျားလေးနှင့် မိန်းကလေးများကြား အမွေဆက်ခံခွဲဝေခြင်း ဘက်မမျှမှုများလည်း အမျိုးသမီး အခွင့်အရေးများကို ချိုးဖောက်ခံရခြင်းဖြစ်သည်။

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွင်လည်း အိမ်ထောင်ဖက် အမျိုးသမီးများ၏ သဘောဆန္ဒ မပါဘဲ အတင်းအကျပ်လိင်ဆက်ဆံခံရခြင်းကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဟု ကျွန်တော်တို့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ယနေ့အချိန်အထိ အရေးတယူဖြစ်စဉ်တစ်ခုအနေဖြင့် မယူဆသေးပါ။ အမှန်တကယ်တွင် မည်သို့ပင်အကြင်လင်မယား ဖြစ်စေကာမူ အိမ်ထောင်ဖက် အမျိုးသမီး၏ သဘောဆန္ဒမပါဘဲ အတင်းအကျပ်လိင်ဆက်ဆံစေခြင်းသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပင်ဖြစ်သည်။

ထို့ပြင် ခင်မင်ရင်းနှီးသူများထဲမှ ဖင်ပုတ်၊ ခေါင်းပုတ် အသားယူ ထိကပါးရိကပါး လုပ်ခြင်းကိုလည်း ကျွန်တော်တို့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် အားနာ၍သည်းခံကြသော်လည်း ၎င်းအပြုအမူများသည်လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုထဲတွင်ပါဝင်ပါသည်။ အခက်အခဲများကြောင့် အကျဉ်းအကြပ်ထဲ ရောက်နေသောရိုးသားသောအမျိုးသမီးငယ်များနှင့် အမျိုးသမီးများကို အသုံးချ၍ လိင်လုပ်သားနှင့် ပြည့်တန်ဆာအဖြစ် အတင်းအကြပ်စေခိုင်းခြင်း၊ လိင်ကျွန်အဖြစ် ရောင်းစားခြင်းများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများထဲတွင် အင်မတန်မှဆိုးဝါးရက်စက်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများပင်ဖြစ်သည်။

အမျိုးသမီးများအား လူကုန်ကူးမှု အပိုင်းတွင်လည်း မြန်မာနိုင်ငံတွင် အများဆုံး ကြုံတွေ့ရသည့်ပုံစံများမှာ လိမ်လည်လက်ထပ်၍ လူကုန်ကူးခံရခြင်း၊ အဓမ္မမယားပြု ရောင်းစားခံရခြင်း၊ ချစ်ကြိုက်ဟန်ဆောင်၍ ရပ်ဝေးသို့ ခေါ်ဆောင်ရောင်းစားခြင်း၊ ဆင်းရဲမွဲတေမှုကို ထွက်ပေါက်ရှာရာမှ ဝင်ငွေရရှိသည့် အလုပ်အကိုင်

အခွင့်အလမ်းဖြင့် မက်လုံးပေးလူကုန်ကူးခြင်း၊ တရားမဝင် အလုပ်အကိုင်များဖြင့် ပြည်ပသို့ခေါ်ယူပြီး လိင်ပိုင်းဆိုင်ရာ အသုံးပြုခြင်းနှင့် စားသောက်ဆိုင်၊ KTV၊ အနှိပ်ခန်းနှင့် ကလပ်စသည့် လုပ်ငန်းများကိုဗန်းပြ၍ ခေါင်းပုံဖြတ် ရောင်းစား လူကုန်ကူးခံရခြင်းတို့ဖြစ်သည်။

၂၀၀၅ ခုနှစ် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေသည်လည်း ကုလသမဂ္ဂ၏ လူကုန်ကူးမှု တားဆီး ကာကွယ်ရေး စံသတ်မှတ်ချက်များနှင့် ကိုက်ညီခဲ့ သော်လည်း လူကုန်ကူးခံရသူ အမျိုးသမီးများ၏ အခွင့် အရေးကို ကာကွယ်ပေးရန်နှင့် သင့်လျော်သော ကူညီ ထောက်ပံ့မှုများကို လက်လှမ်းမီ ရရှိရေးအတွက် သေချာမှု ရှိစေရန် ထပ်မံပြင်ဆင် အားဖြည့်နိုင်ပါသေးသည်။

ပိုင်ဆိုင်မှု ခွဲဝေခွင့် ပြဿနာတွင်လည်း အမျိုးသမီး များသည် တရားမဥပဒေအရ ပိုင်ဆိုင်မှု ထိန်းသိမ်းခွင့်နှင့် လွှဲပြောင်းခွင့်များကို ယေဘုယျအားဖြင့် အမျိုးသားများ နှင့် တန်းတူရည်တူရရှိပါသည်။

ထို့အပြင် (၁၈၇၂) ခုနှစ် ထိမ်းမြားလက်ထပ်ခြင်း အထူးအက်ဥပဒေပုဒ်မ ၂၅ (၁) အရ ဗုဒ္ဓဘာသာဝင် မြန်မာ အမျိုးသမီးတစ်ဦးသည် ဘာသာခြား အမျိုးသားတစ်ဦးနှင့် လက်ထပ်ခဲ့ပြီးငင်း အမျိုးသားသည် အကြောင်းပြချက် မရှိဘဲ ညှင်းပန်းနှိပ်စက်မှုအမျိုးမျိုးဖြင့် ကွာရှင်းခဲ့လျှင် ၎င်း အမျိုးသား၏ဝေစုကို လက်လွတ်ဆုံးရှုံးရမည် ဖြစ်သည့် အပြင် နစ်နာသူ အမျိုးသမီးအား လျော်ကြေးပေးရမည် ဟု ဖော်ပြပါရှိသည့် ထိုဥပဒေကို မြန်မာအမျိုးသမီးများ အထူးသိရှိထားသင့်ပါသည်။

အချုပ်ဆိုရသော် ကျွန်တော့အတွက်တော့ အမျိုးသမီး အခွင့်အရေးများကို လေးစားခြင်း၊ အသိအမှတ် ပြုခြင်း၊ ကိုယ်ချင်းစာတတ်ခြင်း၊ တန်ဖိုးထားတတ်ခြင်း သည် ဤကမ္ဘာလောကကြီး၏ နံနက်ခင်းအသစ်များကို ဖန်တီးခြင်းဖြစ်သည်။ ဗန်ဆင့်ဗင့်ဂိုး၏ ကြယ်တွေစုံသော ညပန်းချီကား တစ်ချပ်ဖြစ်သည်။ တဂိုး၏ ခမ်းနားသော ကဗျာတစ်ပုဒ်ဖြစ်သည်။ ဗီသိုဗင်၏ မဆုံးသော ဂီတသံစဉ် ဖန်တီးချက်တစ်ခုဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် အမျိုးသမီး အခွင့်အရေးများကို လေးစားတန်ဖိုးထားခြင်းသည် အမျိုးသားတစ်ယောက်၏ အသိမ်မွေ့ဆုံးနှင့် အနက်ရှိုင်းဆုံးသော အနုပညာဖန်တီးမှု တစ်ရပ်လည်း ဖြစ်နေပါသေးသည်။ ကျွန်တော်သည် ဤ ဆောင်းပါးကို နှလုံးသားဖြင့် ခံစားရေးဖွဲ့ခဲ့ခြင်းကြောင့် ဤ ဆောင်းပါး၏ စကားလုံးတစ်လုံးချင်း၊ ဝါကျတစ်ကြောင်း ချင်း၊ စာပိုဒ်တစ်ပိုဒ်ချင်း သည်ပင်လျှင် "အမျိုးသမီးအခွင့် အရေးများကို လေးစားအသိအမှတ်ပြုခြင်း အနုပညာ" ဖန်တီးချက်တစ်ရပ်ပင်ဖြစ်သည်။

---

## တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

**လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း တိုင်တန်းချက် (၁၃) စောင်၊ မတ်လ လက်ကျန် (၄) စောင်၊ စုစုပေါင်း (၁၇) စောင် စိစစ်ဆောင်ရွက် ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၃) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၂) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေး အတွက် သက်ဆိုင်ရာ ဌာနများသို့လည်းကောင်း ၊ တိုင်တန်းချက် (၂) စောင်ကို ကာယကံရှင်ထံသို့ လည်းကောင်း အကြံပြု ပြန်ကြားခဲ့ပြီး တိုင်တန်းချက် (၈) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (က) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့်မညီ၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပါသည်။ ဧပြီလ တွင် တိုင်တန်းချက် လက်ကျန် ၅ စောင် ရှိပါသည်။**

# ENGLISH SECTION

## MNHRC Gives Human Rights Lecture at Civil Service Academy (Lower Myanmar)




May 22

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Dr. Than Myint and Dr. Tin Maung Maung Than, the Commissioners, gave lectures on human rights at the Management Course for Senior Level Officials No. (21) held at the Civil Service Academy (Lower Myanmar) on 22 May 2023 from 8:00 am to 3:50 pm. In doing so, the Commissioner Dr. Than Myint gave the lectures on Human Rights Concept, Universal Declaration of Human Rights (UDHR) and the Establishment of Myanmar National Human Rights Commission and its Activities, the Commissioner Dr. Tin Maung Maung Than also delivered the lectures on State Obligation and Public Responsibilities, the United Nations Human Rights Mechanism and Universal Periodic Review (UPR). After that the lecturers answered the questions asked by the trainees. A total of 48 directors from the departments attended as trainees the above-mentioned course.



# MNHRC Gives Human Rights Lecture at Police Officer Training School (Mandalay)



May 11

Myanmar National Human Rights Commission is striving for promoting public awareness of human rights through the provision of information and education by all means as much as possible under Section 22 (a) of the Myanmar National Human Rights Commission Law and is also gearing itself up for more activities of human rights promotion and education on the 75th anniversary of Universal Declaration of Human Rights.

In doing so, Commissioner Dr. Than Myint and Director General U Phone Kywel, gave lectures on human rights at the Police Station Officer Course No. (68/2023) held at the Police Officer Training School (Mandalay) on 11 May 2023 from 7:30 am to 9:50 am. In doing so, Commissioner Dr. Than Myint delivered the lectures on Human Rights Concept, Director General U Phone Kywel also delivered the lectures on the Organization and Functions of Myanmar National Human Rights Commission and related issues on Promotion and Protection of Human Rights. After that the lecturers answered the questions asked by the trainees. A total of 99 police officers attended the above-mentioned course.



# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁၆၅၄၆၇၀

website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**

သဇင်လမ်းနှင့် ဇော်ဂျီ
လမ်းထောင့်၊ရွှေကြာပင်ရပ်ကွက်၊
ဇဗ္ဗူသီရိမြို့နယ်။
ဖုန်း- ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**

ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်းအနောက်
ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊
မန္တလေးမြို့။
ဖုန်း-၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**

ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊
ပြည်နယ်ရုံး၊ စစ်တွေမြို့။
ဖုန်း-၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**

အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း- ၀၄၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm